# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 18 , 2024 Volume 74, Number 12

၁၈.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၀၉ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၆၀၀၀၀ |
| ဒေါ်လာဈေး | = ၃၄၇၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၈.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၃.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၆.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၇.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၈၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၅၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၇၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၂၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၀၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကရင်ပြည်နယ်ဒေသထွက် မြေပဲအစိုများ မြဝတီဘက်သို့တင်ပို့ တောင်သူများ အကျိုးအမြတ်ရရှိ



ကရင်ပြည်နယ်တွင် ၂၀၂၃ ခုနှစ်အတွင်း စိုက်ပျိုးသည့်မြေပဲများ စတင်ထွက်ရှိကာ ဘားအံမြို့နယ်အတွင်းရှိ မြေပဲရောင်းဝယ်ရေးလုပ်ငန်းရှင်ပွဲရုံများသို့ နေ့စဉ်လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး မြေပဲအစို တစ်တင်းလျှင် ပျမ်းမျှ ၃၀,၀၀၀ ကျပ်ဈေးနှုန်းဖြင့် ဝယ်ယူရောင်းချလျက်ရှိကြောင်း ယခုနှစ် ဆောင်းမြေပဲမှာ တစ်ဧကပျမ်းမျှအထွက် ၃၅ တင်းထွက်ရှိပြီး တစ်ဧကစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ၆,၀၀,၀၀၀ ကျပ်ခန့်ရှိသဖြင့် တစ်ဧက အကျိုးအမြတ်မှာ ၄,၀၀,၀၀၀ ကျပ်ခန့်ရရှိသောကြောင့် ယခုနှစ်တွင် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိကြောင်းနှင့် အဆိုပါ မြေပဲများအား ဘားအံမှတဆင့် မြဝတီ၊ ထိုင်းသို့လည်းကောင်း၊ ဘားအံမှ မော်လမြိုင်သို့လည်းကောင်း တင်ပို့လျက်ရှိကြောင်း ကုန်သည်များထံမှ စုံစမ်းသိရှိရပါသည်။

**Source:** https://www.doca.gov.mm

## ကော့မှူးမြို့နယ်၌ မိုးစပါးများ ရာနှုန်းပြည့် ရိတ်သိမ်းခြွေလှေ့ပြီးစီး




ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကော့မှူးမြို့နယ်၌ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ရည်ရွယ်၍ မိုးစပါးသီးနှံ စိုက်ဧက ၈၈၀၉၉ အား စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ကော့မှူးမြို့နယ်၌ အဓိကစိုက်ပျိုးသည့် သီးနှံများမှာ ရက် ၉၀ စပါး ၈၆၅၈ ဧက၊ ဧယာ ၉၉၉ ဧက၊ ညှော့မထ အထွက်ကောင်း ၁၉၅ ဧက၊ ငစိန် ၃၃၈၄၀ ဧက၊ မြီးဒုံး ၂၁၆၅၅ ဧက၊ ငကြွဲ (တောင်ပျံ) ၁၉၈၀၂ ဧက၊ ကောက်ညှင်း ၈၂၄ ဧက စသည့်စပါးမျိုးများကို အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မိုးစပါးသီးနှံများကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ၊ ဒုတိယပတ်မှစတင်၍ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် လှိုင်လှိုင်ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ မိုးစပါးသီးနှံစိုက်ဧက စုစုပေါင်း ၈၈,၀၉၉ ဧကအား ရာနှုန်းပြည့် ရိတ်သိမ်းခြွေလှေ့ပြီးဖြစ်ကြောင်း၊ စပါးအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၆၆ ဒသမ ၆၁ တင်းခန့် ထွက်ရှိကြောင်း ကော့မှူးမြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ သိရှိရသည်။

**Source: DOC (ရန်ကုန်)**

**Source:** https://commerce.gov.mm

## နောင်တရားဒေသ၌ ဥယျာဉ်ခြံစိုက်ပျိုးသည့်တောင်သူများ ကော်ဖီစိုက်ပျိုးမှုကို စိတ်ဝင်စားလာ




ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့အနီး ပတ်ဝန်းကျင်ကျေးရွာများ၌ ဥယျာဉ်ခြံစိုက်ပျိုးသည့် တောင်သူများ ကော်ဖီစိုက်ပျိုးခြင်းကို စိတ်ဝင်စားလာကြကြောင်း ဥယျာဉ်ခြံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

"နောင်တရားဒေသမှာ ထောပတ်ဥယျာဉ်ခြံ၊ လိမ္မော်ခြံ၊ ဆန်းကစ်သီး၊ သစ်တော်သီးစတဲ့သီးနှံတွေကို စိုက်ပျိုးကြပါတယ်။ လိမ္မော်ခြံနဲ့ ဆန်းကစ်သီးတွေမှာ သီးညှပ်စိုက်ပျိုးလို့ရတဲ့ သီးနှံမရှိဘူး။ ထောပတ်ခြံမှာဆိုရင် ဝဥနဲ့ကော်ဖီကို သီးညှပ်စိုက်လေ့ရှိတယ်။ ကော်ဖီကတော့ စမ်းသပ်စိုက်တာ သုံးလေးဦးလောက်ပဲရှိဦးမယ်။ သစ်တော်သီးဥယျာဉ်ခြံမှာတော့ ခရမ်းချဉ်၊ အာလူး၊ ငရုတ်နဲ့ တခြားသီးနှံတွေကိုလည်း သီးညှပ်စိုက်ပျိုးဖြစ်ပါတယ်။ ဥယျာဉ်ခြံအဖြစ် ထောပတ်ကိုအများဆုံး စိုက်ပျိုးဖြစ်ပါတယ်။ ထောပတ်က ထိန်းသိမ်းမှုစရိတ်နည်းလို့ပါ။ ဒါပေမဲ့ ထောပတ်တစ်မျိုးတည်း ဝင်ငွေနဲ့မိသားစုစားဝတ်နေရေးအတွက် မရပ်တည်နိုင်ဘူး။ သီးညှပ်အဖြစ် ကော်ဖီကို စမ်းသပ်စိုက်ပျိုးတာအောင်မြင်နေပါပြီ။ ဒေသနဲ့လည်းကိုက်ညီရမယ်။ ဈေးကွက်လည်းရှိရမဲ့ ကော်ဖီမျိုးတွေလိုအပ်နေပါတယ်" ဟု နောင်တရားအမှတ်(၁) ရပ်ကွက်မှ ထောပတ်နှင့်ကော်ဖီတွဲလျက်စိုက်ပျိုးသည့် တောင်သူကပြောသည်။

ယခင်နှစ်များတွင် ကော်ဖီသီးအမှည့်တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၄၀၀၀ အထိ အရောင်းအဝယ်ပြုလုပ်နေကြပြီး အဆိုပါကော်ဖီသီးများကို ရွာငံ၊ ပင်းတယ၊ ပင်လောင်းစသည့် ကော်ဖီစက်ရုံများမှ ဝယ်ယူကြသည်။ အချို့တောင်သူများလည်း ကော်ဖီကိုအခြောက်ခံ၍ သိုလှောင်ပြီးပြန်လည်ရောင်းချသည့် တောင်သူများလည်းရှိသည်။ ယခုနှစ်တွင် ကော်ဖီအမှည့်တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၅၀၀၀ အထိ ရောင်းချရကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## အထက်မင်းလှမြို့နယ်ရှိ ဆောင်းနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းပိုင်းတွင်တည်ရှိပြီး ရေမြေရာသီဥတုအခြေအနေအရ စပါးစိုက်ဧကနည်းပြီး ယာသီးနှံများကို အဓိကထားစိုက်ပျိုးကြကြောင်း၊ သရက်ခရိုင်၊ အထက်မင်းလှမြို့နယ်ရှိ တောင်သူများသည် ကုလားပဲ၊ မြေပဲတို့နှင့်အတူ ဆောင်းနေကြာကိုလည်း သီးညှပ်အဖြစ်လည်းကောင်း၊ သီးထပ်အဖြစ်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ အထက်မင်းလှမြို့နယ်အတွင်း ဆောင်းနေကြာ ၄,၇၀၀ ဧကကျော် စိုက်ပျိုးထား ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးမှုအနေဖြင့် အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး မျိုးအနေဖြင့် ဆင်းရွှေကြာ-၂ မျိုးကို အများဆုံးစိုက်ပျိုးကြပြီး ၃ လခွဲအကြာတွင် ခူးဆွတ်ရကြောင်း၊ သီးညှပ်စိုက်ပျိုးရာတွင် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး

သီးထပ်စိုက်ပျိုးရာတွင် ထွန်တုံးဖြင့် ထွန်ကြောင်းဆွဲကာ မျိုးစေ့ချ၍ စိုက်ပျိုးကြကြောင်း၊ နေကြာစိုက်တောင်သူများအနေဖြင့် နေကြာမျိုးကို ယခင်နှစ်က ထွက်ရှိသော နေကြာပန်းမှမျိုးစေ့ကို ဖယ်ချန်၍ ပြန်လည်စိုက်ပျိုး ကြသကဲ့သို့ အထက်မင်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာစိုက်ဧက ၁၅၀၀ ဧကအတွက် နေကြာမျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခြင်းမှရရှိ၍လည်း စိုက်ပျိုးကြပါကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုးဖိုး၊ စိုက်ခ၊ မြေပြင်ခ၊ လုပ်သားခနှင့် အခြားသွင်းအားစု စရိတ်အပါအဝင် တစ်ဧကလျှင် စုစုပေါင်းကုန်ကျစရိတ်မှာ ယခင်နှစ်နည်းတူ ကျပ် ၁,၀၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခုအချိန်တွင် ဆီထွက်သီးနှံဖြစ်သော နေကြာသီးနှံ စိုက်ခင်းများသည် အထက်မင်းလှမြို့နယ်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**Source:** https://commerce.gov.mm

## တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရှိ ကျေးလက်ဒေသများတွင် ထောပတ်သီးစိုက်ပျိုးမှု တိုးတက်လာ

တရုတ်လူမျိုးများသည် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်နေထိုင်မှုပုံစံကို ပိုမိုနှစ်သက်လာခြင်းကြောင့် ထောပတ်သီးသည် မြို့ပြနေသူများ အထူးသဖြင့် ကျန်းမာရေးကို အလေးထားသောသူများအတွက် ထင်ရှားကျော်ကြားသော အသီးအနှံအသစ်တစ်မျိုး ဖြစ်လာခဲ့ကြောင်း သိရှိရသည်။

ထောပတ်ပင်များသည် နေရောင်ခြည်အပြည့်နှင့် အပူချိန်အလယ်အလတ်တွင်ရှင်သန်ကြပြီး ပရိုတင်းနှင့်မပြည့်ဝဆီများ ကြွယ်ဝသောကြောင့် ၎င်းတို့အား "သစ်ပင်မှရသောထောပတ်" ဟု အမည်ပေးထားကြောင်း၊ သို့သော်လည်း ယခင်က တရုတ်နိုင်ငံတွင် ရောင်းချသော ထောပတ်သီးများကို အခြားနိုင်ငံများမှ တင်သွင်းခဲ့ရကြောင်း သိရှိရသည်။

သို့ရာတွင် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ် Pu'er မြို့၊ Menglian ၏ Dai-Lahu-Va ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု၌ ယခုအခါတွင် ထောပတ်သီးစိုက်ပျိုးမှု ကျယ်ပြန့်လာနေပြီဖြစ်ကြောင်း၊ ယခုနှစ်၌ စီရင်စုအတွင်း လတ်ဆတ်သော ထောပတ်သီး တန်ချိန် (၁၀,၀၀၀) ကျော် ခူးဆွတ်နိုင်မည်ဟု ခန့်မှန်းထားပြီး စုစုပေါင်းဝင်ငွေ ယွမ်သန်း (၃၀၀)(အမေရိကန်ဒေါ်လာ ၄၂ သန်းခန့်) ကျော်လွန်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။ ထို့ပြင် တိုးတက်လာသော ထောပတ်သီးစိုက်ပျိုးမှုသည် ဒေသခံအိမ်ထောင်စုတစ်ခုစီကို နှစ်စဉ်ပျမ်းမျှဝင်ငွေ ယွမ် (၃၀၀၀) ကျော် တိုးလာစေကြောင်း သိရှိရသည်။

Menglian တွင်နေထိုင်သော လားဟူတိုင်းရင်းသားများ၏ ဘာသာစကားတွင် "ထောပတ်သီး" ဟူသော စကားလုံး မရှိသော်လည်း ထောပတ်သီးသည် ၎င်းတို့အတွက် ဝင်ငွေတိုးလာစေကြောင်း၊ Menglian သည် 'ကမ္ဘာ့ထောပတ်သီး မြို့တော်'ဟု လူသိများသော မက္ကဆီကိုနှင့် တူညီသောလတ္တီတွဒ်တွင်တည်ရှိသဖြင့် အဆိုပါစီရင်စုသည် တစ်နှစ်လျှင် နေရောင်ခြည် နာရီပေါင်း (၂,၁၀၀) ကျော်ရရှိပြီး နှစ်စဉ်ပျမ်းမျှမိုးရေချိန် (၁,၃၀၀) မီလီမီတာကျော်ရှိသည်ဟု စီရင်စု လက်ထောက်ဦးစီးမှူး Han Bo က ပြောကြားခဲ့ကြောင်း သိရှိရသည်။ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြေပြီး ကောင်းမွန်သည့် ဂေဟစနစ်ကြောင့် Menglian သည် အရည်အသွေးမြင့် ထောပတ်သီးများကို စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် တရုတ်နိုင်ငံရှိ ဒေသအနည်းစုအနက်မှ တစ်ခုဖြစ်ကြောင်း သိရှိရသည်။

Menglian သည် ၂၀၀၇ ခုနှစ်မှစတင်၍ ကမ္ဘာ့ဈေးကွက်သို့ အဓိကထောပတ်သီးများကို မိတ်ဆက်ခဲ့ရုံသာမက မျိုးစေ့ထုတ်လုပ်ခြင်းနှင့် စမ်းသပ်စိုက်ပျိုးခြင်းများကို သုတေသနပြုလုပ်ရန်အတွက် ပြည်တွင်းပြည်ပ ပညာရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ နည်းပညာ၊ ငွေကြေးပံ့ပိုးမှုနှင့် အထောက်အပံ့များကြောင့် ဒေသတွင်း ထောပတ်သီး လုပ်ငန်းစုသည် ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရှိရသည်။

လက်ရှိတွင် Menglian သည် တရုတ်နိုင်ငံ၏ အကြီးဆုံး ထောပတ်သီးစိုက်ပျိုးသည့်ဒေသများအနက်မှ တစ်ခုဖြစ်လာပြီး ထောပတ်သီးစိုက်ပျိုးသည့်ဧရိယာသည် (၆,၆၆၇) ဟက်တာခန့်ရှိကြောင်း၊ ဒေသခံများသည် ထောပတ်သီးများကို လတ်လတ်ဆတ်ဆတ်စားသုံးခြင်း၊ အရသာရှိသော ထောပတ်သီးဖျော်ရည်ပြုလုပ်၍ သောက်သုံးခြင်းသာမက ထူးခြားသော ထောပတ်သီး ဟင်းပွဲဖန်တီးရန်အတွက် ၎င်းတို့၏ တိုင်းရင်းသားဟင်းလျာများတွင်လည်း ထောပတ်သီးကိုထည့်သွင်းအသုံးပြုလာကြကြောင်း သိရှိရသည်။

ထောပတ်သီးစိုက်ပျိုးခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းများသည် ယူနန်ပြည်နယ်ရှိ မြို့ကြီးများ၌နေထိုင်သော စားသုံးသူများအတွက်လည်း အကျိုးရှိစေကြောင်း၊ ယူနန်ပြည်နယ်မြို့တော် ကူမင်းမြို့ရှိ Kunming Huayi Hotel မှ စားဖိုမှူး Chen Haixing သည် လွန်ခဲ့သည့် (၁၂) နှစ်ခန့်က ထောပတ်သီးပါဝင်သောဟင်းလျာများကို စတင်စမ်းသပ်ခဲ့ကြောင်း၊ ထိုအချိန်က ဒေသတွင်းစားဖိုမှူးအများစုသည် ထောပတ်သီးကို ပူပူနွေးနွေးဟင်းလျာများအတွက်သာ အသုံးပြုကြပြီး နိုင်ငံခြားတွင် အေးသည့်ဟင်းလျာအတွက် အဓိကအသုံးပြုကြကြောင်း သိရှိရသည်။

အဆိုပါစားဖိုမှူးသည် ယခုအခါ ထောပတ်သီးများကို အေးသည့်ဟင်းလျာအဖြစ် ချက်ပြုတ်ရန်အတွက် ယူနန်ဒေသထွက် ခရမ်းချဉ်သီးများကို ပေါင်းထည့်လိုက်ကြောင်း၊ အဆိုပါပေါင်းစပ်မှုသည် ထောပတ်သီး၏ မူရင်းအရသာကို အကောင်းဆုံး ထုတ်ပေးနိုင်ပြီး စားသုံးသူများက လက်ခံစားသုံးသည်ကို Chen က သက်သေပြနိုင်ခဲ့ကြောင်း သိရှိရသည်။

လက်ရှိတွင် ထောပတ်သီးသည် ကျန်းမာရေးလိုက်စားသော တရုတ်လူမျိုးများ အထူးသဖြင့် အမျိုးသမီးထုအတွင်း ခေတ်စားလာသော သစ်သီးတစ်မျိုးဖြစ်၍ သစ်သီးဆိုင်များနှင့် e-commerce platform များပေါ်တွင် တွင်တွင်ကျယ်ကျယ် ရောင်းချလာသည်ကို တွေ့ရှိရသည်။ တရုတ်နိုင်ငံတွင် ထောပတ်သီးစားသုံးမှုသည် တဖြည်းဖြည်း ကျယ်ပြန့်လာသည့် အတွက် ဈေးကွက်ဝယ်လိုအား ဆက်လက်တိုးတက်လာမည့် အလားအလာရှိသော သစ်သီးတစ်မျိုးဖြစ်ကြောင်း သုံးသပ် ရရှိသည်။

**Source:** https://english.news.cn/20240111/b9612dace9d9454684101e19096d6d27/c.html

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

## ထိုင်းဆန် တန်ချိန် ၁ သန်း G2G ရောင်းချရန် ညှိနှိုင်း

ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အစိုးရချင်း government-to-government (G2G) သဘောတူညီချက်အရ အင်ဒိုနီးရှားသို့ ဆန်တန်ချိန် ၁ သန်း ရောင်းချရန်အတွက် ညှိနှိုင်းနေပြီး တရုတ်နိုင်ငံနှင့်လည်း အလားတူ ဆန်ရောင်းချရန် ညှိနှိုင်းမည့်အစီအစဉ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ယမန်နှစ်က အင်ဒိုနီးရှားနိုင်ငံသည် ထိုင်းဆန် တန်ချိန် ၂ သန်း ဝယ်ယူမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ တန်ချိန် ၁ သန်းကို G2G သဘောတူညီချက်ဖြင့် ဝယ်ယူမည်ဖြစ်ပြီး ကျန် တန်ချိန် ၁ သန်းကို ပုဂ္ဂလိကကဏ္ဍမှ ရောင်းကြဝယ်ကြမည်ဖြစ်သည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Phumtham Wechayachai က အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ရောင်းချရန် အမျိုးသား ဆန်စပါး မူဝါဒ ကော်မတီ National Rice Policy Committee ထံမှ အတည်ပြုချက် ရရှိထားကြောင်း ပြောကြားသည်။ "လူတွေက အမြင်ဟောင်းအစွဲဖြင့် ရှုမြင်ကြမှာကို ကျွန်တော်တို့စိုးရိမ်ပါတယ်။ G2G ပုံစံဟောင်းလို့ ရှုမြင်ကြမှာကို ကျွန်တော် တို့ မလိုလားပါဘူး။ အစိုးရက ရှေ့မှဦးဆောင်ပေးပြီး ပုဂ္ဂလိကကဏ္ဍက နောက်မှာလိုက်ပါတဲ့သဘောမျိုးပါ" ဟု Mr Phumtham က ပြောကြားသည်။

"ဒီပါရာဒိုင်းအသစ်မှာ အရင်ကလို အစိုးရက ဆန်ဝယ်လက်တွေကို ချိုသာတဲ့ဈေးနှုန်းနဲ့ တိုက်ရိုက်ရောင်းချမှာမဟုတ် ပါဘူး။ အဲဒါအစား G2G သဘောတူညီချက်များကို လက်ခံကျင့်သုံးဖြစ်တဲ့အခါမှာ ဆန်ပေးပို့ဖို့ကို အာမခံပေးတဲ့ အာမခံသူအဖြစ် လုပ်ဆောင်မှာ ဖြစ်ပါတယ်။ အစိုးရက ညှိနှိုင်းဆောင်ရွက်တာတွေကို ကိုင်တွယ်မှာ ဖြစ်ပြီး ပုဂ္ဂလိက ကဏ္ဍက ပံ့ပိုးပေးမှာ ဖြစ်ပါတယ်" ဟု အင်ဒိုနီးရှားနိုင်ငံနှင့် ဆန်အရောင်းအဝယ်အပြင် တရုတ်ပြည်တွင် လယ်ယာထွက်ကုန် ထုတ်လုပ်မှုနှင့် တင်သွင်းမှုတို့ကို လုပ်ကိုင်သည့် တရုတ်အစိုးရပိုင်အဖွဲ့အစည်းဖြစ်သည့် Cofco Corporation နှင့် ထပ်တိုးတန်ချိန် ၂၈၀,၀၀၀ G2G ဆန်တင်ပို့ရမည့် ကာလ တိုးမြှင့်ရန်ကိစ္စအတွက် လာမည့်သီတင်းပတ်တွင် သိရမည့် ရလဒ်ကို ဝန်ကြီးဌာနက စောင့်ဆိုင်းနေကြောင်း ၎င်းကပြောကြားသည်။

ဇန်နဝါရီ ၁၇ ရက်မှ ၂၂ ရက်အထိ လော့စ်အိန်ဂျလိစ်မြို့သို့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သွားရောက်၍ အမေရိကန်တွင် ဆန်ဈေးကွက်ချဲ့ထွင်ရေး ညှိနှိုင်းရန်စီစဉ်ထားသည်။ ဆော်ဒီအာရေးဗီးယား၊ အာဖရိကနှင့်အီရန်တို့အပါအဝင် အခြားဒေသများ နှင့်လည်း ညှိနှိုင်းရန်အစီအစဉ်ရှိကြောင်း Mr Phumtham က ပြောကြားသည်။ အကောက်ခွန်ဦးစီးဌာန၏ အချက်အလက်များ အရ ၂၀၂၄ ခုနှစ် ပထမ ၁၁ လအတွင်း ထိုင်းနိုင်ငံသည် ဆန်တန်ချိန် ၇ ဒသမ ၉၅ သန်း၊ ဘတ် ၁၆၀ ဘီလီယံဖိုး (အမေရိကန် ဒေါ်လာ ၄ ဒသမ ၆၁ ဘီလီယံဖိုး) တင်ပို့ခဲ့သည်။

ဆန်ဖြူတန်ချိန် ၄ ဒသမ ၄၇ သန်း၊ ပေါင်းဆန် တန်ချိန် ၁ ဒသမ ၃၂ သန်း၊ ထိုင်း ဟွမ်မာလီဆန်မွှေး ၄,၇၄,၈၀၆ တန်၊ ကောက်ညှင်းဆန် ၂,၂၇,၀၁၂ တန် တင်ပို့ခဲ့သည်။ ထိုင်းဆန် အများဆုံးဝယ်ယူတင်သွင်းသည့် နိုင်ငံများမှာ အင်ဒိုနီးရှား တန်ချိန် ၁ ဒသမ ၂၇ သန်း၊ အာဖရိက ၈,၇၆,၁၈၄ တန်၊ အီရတ် ၈,၁၄,၈၀၅ တန်၊ အမေရိကန် ၆,၄၈,၉၄၆ တန်၊ တရုတ် ၃,၆၇,၂၉၄ တန်တို့ဖြစ်ပါသည်။ ထိုင်းဆန်တင်ပို့သူများအသင်းက ယခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ ဆန်တန်ချိန် ၇ ဒသမ ၅ သန်း တင်ပို့နိုင်မည်ဟု ခန့်မှန်းထားသည်။

အိန္ဒိယနိုင်ငံသည် ဆန်ပို့ကုန်တားမြစ်ချက်ကို ဒုတိယနှစ်ဝက်တွင် အဆုံးသတ်နိုင်သည်ဟု ခန့်မှန်းထားသည်။ ယမန်နှစ်က ထိုင်းဆန် စုစုပေါင်း တန်ချိန် ၈ ဒသမ ၈-၈ ဒသမ ၉ သန်း တင်ပို့ခဲ့သည်။ တန်ချိန် ၈ ဒသမ ၅ သန်း တင်ပို့ရန် ရည်မှန်းထားသည်ထက် သာလွန်ခဲ့သည်။ ဆန်ပို့ကုန် ဝင်ငွေမှာ ဆန်ဈေးနှုန်းများ အမြင့်မှာရှိနေသဖြင့် ဘတ် ၁၈၀ ဘီလီယံ ရရှိကြောင်း အသင်းမှပြောကြားသည်။

**Source: bangkokpost**

**Source:** https://www.foodindustrydirectory.com.mm

## ပြည်တွင်းဈေးကွက်တွင်း ရောင်းလိုအားမြင့်တက်နေခြင်းမရှိစေရန် ကြက်သွန်နီတင်သွင်းခွင့်အား ဖိလစ်ပိုင်ခေတ္တရပ်ဆိုင်း

ဖိလစ်ပိုင်နိုင်ငံတွင်း ကြက်သွန်နီရိတ်သိမ်းချိန်ကာလတွင်း အထွက်နှုန်းတိုးမြင့်နိုင်ကြောင်း ခန့်မှန်းချက်အရ နောက်လာမည့် (၆)လတာကာလအတွင်း ကြက်သွန်နီတင်သွင်းခြင်းကို ရပ်ဆိုင်းပေးရန် Philippines Chamber of Agriculture and Food Inc; (PCAFI) မှ ဖိလစ်ပိုင်စိုက်ပျိုးရေး ဝန်ကြီးဌာနသို့ တိုက်တွန်းပြောကြားခဲ့ပါသည်။ PCAFI မှ ကြက်သွန်နီစိုက်ပျိုးသည့် ဒေသများမှ ၄၀% ခန့် အထွက်နှုန်းတိုးမြင့်နိုင်သည်ဟု ခန့်မှန်းထားပါကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းကြက်သွန်နီ ထွက်ရှိမှုပိုလျှံနိုင်သဖြင့် သင့်တင့်ကောင်းမွန်သောဈေးနှုန်းဖြင့်ဝယ်ယူရရှိနိုင်ပြီး ပြည်တွင်းကြက်သွန်နီ တောင်သူများအနေဖြင့် ပိုမိုစိုက်ပျိုးလိုသည့်အခြေအနေများဖြစ်ပေါ်နိုင်ပါကြောင်းဖော်ပြထားသည်။

Nueva Ecija ဒေသအစိုးရမှ ထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များအရ အဆိုပါဒေသတွင်း ကြက်သွန်နီထွက်ရှိမှု ၄၀ ရာခိုင်နှုန်း မြင့်တက်လာပါကြောင်း၊ ယခင် ကြက်သွန်နီစိုက်ပျိုးလေ့မရှိသည့် အချို့ဒေသများဖြစ်သော Tarlac, Pampanga, Bataan နှင့် Zambales တို့တွင်ပင် ကြက်သွန်နီစိုက်ပျိုးလျက်ရှိပါကြောင်း၊ ထို့အတွက် မိမိတို့အဖွဲ့အစည်းအနေဖြင့် ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီး Francisco P.Tiu Laurel Jr ထံသို့ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှ ဇူလိုင်လအတွင်း ကြက်သွန်နီတင်သွင်းခြင်းအား ခေတ္တရပ်ဆိုင်းပေးပါရန် ယခုသတင်းပတ်အတွင်း တရားဝင်သွားရောက်တွေ့ဆုံ၍ မေတ္တာရပ်ခံတင်ပြသွားမည်ဖြစ်ကြောင်း PCAFI မှ ပြောကြားခဲ့သည်။

အကယ်၍ ကြက်သွန်နီတင်သွင်းခြင်းအား မရပ်ဆိုင်းခဲ့ပါက မိမိတို့အနေဖြင့် စိုက်ပျိုးရရှိသည့် ကြက်သွန်နီများအား လမ်းပေါ်သို့စွန့်ပစ်ရန်သာရှိကြောင်း၊ ဈေးကွက်တွင်းရှိ ကြက်သွန်နီလက်လီဈေးနှုန်းမှာ ယခုလအတွင်း သင့်တင့်သော ဈေးနှုန်းဖြင့် ရှိနေပါကြောင်း၊ လွန်ခဲ့သောတစ်နှစ်ကျော်ခန့်က ဖိလစ်ပိုင်နိုင်ငံတွင်ဖြစ်ပွားခဲ့သော ကြက်သွန်နီအကြပ်အတည်းကြောင့် ထိခိုက်မှုများရှိခဲ့သော်လည်း အစိုးရမှ ပြည်တွင်းကြက်သွန်နီဖူလုံရေးအတွက် အချိန်မီတင်သွင်းပေးခဲ့ခြင်းကိုလည်း အလွန်ကျေးဇူးတင်လျက်ရှိပါကြောင်း၊ သို့သော် ပြည်တွင်းကြက်သွန်နီ လိုအပ်ချက်ပမာဏအား ပြည့်မီခြင်းမရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။

Bueau of Plant and Industry(BPI) မှ ထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၃ ခုနှစ်က ကြက်သွန်နီတင်သွင်းမှု Red Onion နှင့် Yellow Onion တင်သွင်းမှုစုစုပေါင်းသည် မက်ထရစ်တန်ချိန် ၄၅,၀၀၀ ဖြစ်ပြီး ပြည်တွင်းကြက်သွန်နီလိုအပ်ချက်ထက် မက်ထရစ်တန်ချိန် ၅၀,၀၀၀ လျော့နည်းခဲ့သည်ကို သိရှိရပါကြောင်း၊ ထို့အတွက် ယခုကြက်သွန်နီ အထွက်တိုးနှုန်းသည် အဆိုပါလိုအပ်ချက်အား ဖြည့်ဆည်းပေးသွားနိုင်ပြီး ဈေးနှုန်းလည်းတည်ငြိမ်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ စိုက်ပျိုးရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်အရ မြို့တော်မနီလာဈေးကွက်ရှိ တင်သွင်းလာသည့် ကြက်သွန်နီ (imported onion) ဈေးနှုန်းမှာ တစ်ကီလိုလျှင် ပီဆို-၈၀ မှ ပီဆို-၁၆၀ ကြား (၄၅၀၀ ကျပ်မှ ၉၀၀၀ ကျပ်ကြား) ရှိကြောင်း ရေးသားဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ ပထမ(၆)လပတ်ကာလအတွင်း အထက်ဖော်ပြပါဒေသများမှ ကြက်သွန်နီစိုက်ပျိုးရိတ်သိမ်းနိုင်မှုပမာဏ ပျမ်းမျှမက်ထရစ်တန် ၂,၃၀,၀၀၀ ခန့်ရှိနိုင်ပြီး တစ်နိုင်ငံလုံးနှစ်စဉ် စိုက်ပျိုးထုတ်လုပ်နိုင်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ဖော်ပြထားသည်။

**Source: စီးပွားရေးသံမှူး၊ မနီလာမြို့**

## STOCK EXCHANGE (18.1.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Jan. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,444 (Shares) | 57,105,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | -100 | -1.12% | 8,900 | 8,900 | 8,700 | 1,065 | 9,467,000 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,800 | 2,900 | 2,800 | 15,126 | 43,639,400 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 38 | 300,200 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,500 | 1,550 | 1,500 | 538 | 816,400 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 6 | 12,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 10 | 47,000 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 1,661 | 2,823,900 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 17th Jan. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 368.69 | -0.72 | -0.19% | 366.96 | 368.69 | 365.27 | 18,444 | 57,105,900 | 8 | 695,419 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 17th Jan. 2024

| Trading Volume | Trading Value |
|---|---|
| 18,444 (Shares) | 57,105,900 (MMK) |

## Main Board

As of 1:00 pm, 17th Jan. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,444 (Shares) | 57,105,900 (MMK) |

| MYANPIX | 368.69 ▼ 0.72 |
|---|---|
| Total Volume (shares) | 18,444 |
| Total Value (MMK) | 57 mil |
| Listed Company | 8 |
| Market Cap. (MMK) | 695,419 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▼ 100 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |

TIR